**(၆) ဖျူစေရီယမ်ပင်ညှိုးရောဂါ (Fusarium wilt)**

**ရောဂါဖြစ်စေသောသက်ရှိ -** *Fusarium oxysporum, Fusarium solani*, Fusarium udum

**ရောဂါလက္ခဏာ (ပဲတီစိမ်း၊ မတ်ပဲ)**

ဖျူစေရီယမ်ပင်ညှိုးရောဂါ ဖြစ်ပါက အရွက်များ ညှိုးနွမ်းပြီး အဝါရောင် ပြောင်းလာတတ်သည်။ များသောအားဖြင့် အပင်တစ်ခြမ်းမှ စတင်ကာ ရောဂါပြန့်ပွားသည်နှင့်အမျှ အပင်အထက်ပိုင်းသို့ ကူးစက်တတ်သည်။ အပင်ကြီးထွားမှု နှေးကွေးခြင်း သို့မဟုတ် ရပ်တန့် သွားခြင်းလည်းဖြစ်နိုင်ပြီး၊ အပင်အတွင်းပိုင်း (ပင်စည်) တွင် အညိုရောင် အစင်းများ ပေါ်လာတတ်သည်။ ရောဂါ ပြင်းထန်ပါက အပင်တစ်ခုလုံး ညှိုးသေသွားနိုင်သည်။ ရောဂါဖြစ်စေသောမှိုသည် အမြစ်ကို လည်းတိုက်ခိုက်ပြီးအမြစ်ပုပ်သည်အထိဖြစ်လာနိုင်သည်။ အမြစ်အတွင်း သားအားခွဲကြည့်လျှင် အညို ရောင်ပြောင်းနေသည်။



**ရောဂါလက္ခဏာ (ကုလားပဲပင်)**

အရွက်များ အစိမ်းရောင်ဖျော့ခြင်း၊ အရွက်များအောက်သို့ငိုက်ကျသည်။ ရောဂါပြင်းထန်ပါက တစ်ပင်လုံးကောက်ရိုးခြောက်ရောင်ပြောင်းလာသည်။ အပင်များခြောက်သေခြင်းအားအကွက်လိုက်၊ အတန်းလိုက်ဖြစ်ပေါ်တတ်သည်။ အပင်လဲကျပါက လဲကျနေသော ပင်စည် သည် သိမ်ပြီးရှုံ့နေ သည်။အမြစ် အတွင်းသားအားခွဲကြည့်လျှင် အညိုရောင်ပြောင်းနေသည်။




**ရောဂါလက္ခဏာ (ပဲစဉ်းငုံ)**

ပဲစဉ်းငုံပင်များသည် ကြီးထွားမှုအဆင့်တိုင်းတွင် ရောဂါတိုက်ခိုက်မှုကိုခံရနိုင်သည်။ ရောဂါ၏အဓိကလက္ခဏာမှာ အရွက်များ အဝါရောင်ပြောင်းသွားပြီး ညှိုးနွမ်းလာကာ အရွက်များ ခြောက်သွေ့သွားခြင်းကြောင့် အကိုင်းများနှင့်တစ်ပင်လုံး တဖြည်းဖြည်း ညှိုးနွမ်း၍ အရွက်များ ခြောက်လာသည်ကိုတွေ့နိုင်ပါသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုအသုံးပြုပါ။
- ရောဂါကင်းသော၊ ကျန်းမာသန်စွမ်းသောမျိုးစေ့ကိုစိုက်ပျိုးပါ။
- မျိုးစေ့ဆောင်ရောဂါအတွက်မျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ် စိုက်ပျိုးပါ။
- မြေခံတွင် ထရိုင်ကိုဒါးမားမှိုကိုထည့်ပေးပါ။
- ရောဂါနှစ်စဉ်ဆက်တိုက်ကျရောက်ပါက အခြားပဲမျိုးစုံ မဟုတ်သော သီးနှံများနှင့်သီးလှည့်စံနစ်ဖြင့် အနည်းဆုံး (၆)နှစ်ခြား၍ စိုက်ပါ။
- Hymexazol (ဟိုင်မီဇာဇိုးလ်)၊ Iprodione (အိုင်ပရိုဒီရုန်း)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသော မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် အပင်ခြေရင်းသို့ရွှဲရွှဲ ပက်ဖျန်းပါ။